***သတင်းထုတ်ပြန်ချက်***
***မတ်လ ၃၁ ရက်၊ ၂၀၂၄ ခုနှစ်***

# လှုပ်ရှားမှုအတွင်း စိန်ခေါ်မှုများအားဗျူဟာမြောက်ဖြေရှင်းရန်အတွက် “ဘက်ပြောင်းမှု နှင့် နိုင်ငံရေး အန်တုလှုပ်ရှားမှု ဆိုင်ရာ တွေ့ဆုံ ဆွေးနွေးပွဲ (ဒုတိယအကြိမ်)”ကို ကျင်းပ ပြီးစီးခဲ့သည်။

ပြည်သူ့ပန်းတိုင်[1] နှင့် Freedom Fighter Myanmar [2]တို့ကပြုလုပ်သော ဒုတိယအကြိမ်မြောက် ဘက်ပြောင်းမှု နှင့် နိုင်ငံရေးအံတုလှုပ်ရှားမှု တွေ့ဆုံဆွေးနွေးပွဲ အား ကျင်းပပြီးစီးခဲ့ပြီး မြန်မာစစ်တပ်မှ ဘက်ပြောင်းခိုလှုံမှုများ နှင့် တပ်တွင်းအာဏာဖီဆန်မှုများ ရှိလာအောင် အားပေးမြှင့်တင်သည့် လက်ရှိ ကြိုးပမ်း ဆောင်ရွက်မှုများ အတွက် အရေးကြီးသော တိုးတက်မှုများ ရှိခဲ့သည်။

ဇန်နဝါရီလ (၂၉) ရက်နေ့မှ (၃၁) ရက်နေ့အထိ Zoom မှတစ်ဆင့် ပြုလုပ်ခဲ့သည့် ဤအွန်လိုင်း တွေ့ဆုံဆွေးနွေးပွဲ တွင် တက်ရောက်ပါဝင်သူ (၁၂၉) ဦးရှိခဲ့ပြီး ၎င်းတို့ကြား အကြိတ်အနယ် ဆွေးနွေးမှုများက မြန်မာနိုင်ငံ အပြောင်းအလဲအတွက် မဆုတ်မနစ် ဆက်လက်ကြိုးပမ်းဆောင်ရွက်လိုသည့် ကတိကဝတ်ကို ဖော်ပြနေသည်။

## ဖြစ်ပေါ်တိုးတက်မှုများကို ပြန်လည်သုံးသပ်ခြင်းနှင့် စိန်ခေါ်မှုများကို ဖော်ထုတ်ခြင်း

တွေ့ဆုံဆွေးနွေးပွဲကို SWOT ပြန်လည်ဆန်းစစ်မှုနည်းစနစ် (အားသာချက်များ၊ အားနည်းချက်များ၊ အခွင့်အလမ်းများနှင့် ခြိမ်းခြောက်မှုများ ကိုဆန်းစစ်ခြင်း) အသုံးပြု၍ လက်ရှိလှုပ်ရှားမှု အခြေအနေအကြောင်း အသေးစိတ် လေ့လာသုံးသပ်မှု ပြုလုပ်ခြင်းဖြင့် စတင်ခဲ့သည်။ ဆွေးနွေးမှုများအရ အားသာချက်များသည် ဘက်ပြောင်းမှုကို ထောက်အပံ့ဖြစ်စေသည့် အားကောင်းသော ချိတ်ဆက်မှုများ ရှိလာခြင်းနှင့် အဖွဲ့အစည်း အလိုက် အားပေးထောက်ခံမှုများ ပိုပိုများပြားလာခြင်းဖြစ်ပြီး လူမှုရေးအရ ဖယ်ကျဉ်ခြင်းပယ်ခံရခြင်းနှင့် ပံ့ပိုးကူညီမှုမရှိခြင်း၊ အကောင်အထည်မဖော်နိုင်သေးသော ကတိကဝတ်များ နှင့် နိုင်ငံတကာ ပံ့ပိုးကူညီမှု နည်းပါးခြင်း စသည့် အားနည်းချက်များကို အသိအမှတ်ပြုဆွေးနွေးခဲ့ကြသည်။

[1] https://peoplesgoal.org/
[2] https://freedomfightermm.org

ထို့အတူ မြန်မာစစ်တပ်အတွင်း စိတ်ဓါတ်ပျက်စီးနေမှုကို အကောင်းဆုံးအသုံးချနိုင်သည့် အခွင့်အလမ်းများ ရှိနေသလို ဘက်ပြောင်းလာသူများ၏ ကိုယ်စိတ်ကျန်းမာ အဆင်ပြေရေးအတွက် ပံ့ပိုးမှုများ လုံလောက်စွာ မပေးနိုင်သည့် စိန်ခေါ်မှုများလည်း ရှိနေသည်ဟု တက်ရောက်သူများ လက်ခံအသိအမှတ်ပြုခဲ့ကြသည်။

**မဟာဗျူဟာများနှင့် အထောက်အကူပြုစနစ်များ ရေးဆွဲချမှတ်ခြင်း**

ဒုတိယနေ့တွင် ဘက်ပြောင်းမှုကို အားပေးသည့် ထိရောက်သောဗျူဟာများ ချမှတ်နိုင်ရေးနှင့် ဘက်ပြောင်းလာသူများ အဆင်ပြေချောမွေ့စွာ ပြန်လည်ပေါင်းစည်းနေထိုင်နိုင်အောင် ဆောင်ရွက်ပေးရေး ရည်ရွယ်ချက်ဖြင့် အကြိတ်အနယ် ဆွေးနွေးခဲ့ကြကာ တပ်တွင်းစစ်သည်များနှင့် ချိတ်ဆက် ဆက်သွယ်နိုင်ရန်နှင့် စစ်တပ်ရာထူးစဉ်စနစ် အဆင့်ဆင့်ရှိ အကျင့်ပျက်ခြစားမှုများကို ဖော်ထုတ်နိုင်ရန် လူမှုကွန်ရက် ပလတ်ဖောင်းများကို အကောင်းဆုံး အသုံးချနိုင်ရေး အကြောင်းကို အဓိကထား ဆွေးနွေးခဲ့ကြသည်။ ထို့ပြင် လူမှုအသိုင်းအဝိုင်းများအတွင်း ပြန်လည်ပေါင်းစည်းနေထိုင်ရေးနှင့် အသက်မွေးဝမ်းကြောင်းသင်တန်းများ ရရှိနိုင်ရေးအတွက် ကဏ္ဍအစုံလွှမ်းခြုံမှုရှိသော ပံ့ပိုးကူညီမှုများပေးနိုင်ရေး ကိစ္စကို အထူးဆွေးနွေးခဲ့ကြသည်။

**ဗျူဟာမြောက် ပူးပေါင်းဆောက်ရွက်မှုများ တည်ဆောက်ခြင်း**

နောက်ဆုံးနေ့တွင် တက်ရောက်သူများသည် သက်ဆိုင်ပါဝင်သူများအကြား ပူးပေါင်းဆောင်ရွက်မှုနှင့် ညှိနှိုင်းဆောင်ရွက်မှုများ၏ အခရာကျသော အရေးကြီးပုံအကြောင်းကို အထူးထောက်ပြခဲ့ကြသည်။ အဓိကအကြံပြုချက်များတွင် စစ်တပ်အတွင်းရှိ အကျင့်ပျက်ခြစားမှုများကို ဖော်ထုတ်ခြင်း၊ မူဝါဒချမှတ်သူများနှင့် ဘက်ပြောင်းခိုလှုံသူများအကြား ခိုင်မာသော ဆက်သွယ်ဆောင်ရွက်ရေး လမ်းကြောင်းများ တည်ဆောက်ခြင်းနှင့် ဘက်ပြောင်းခြင်း အစီအစဉ်များအတွက် အခြေခံရန်ပုံငွေလိုအပ်ချက်များ ရရှိနိုင်အောင် အခိုင်အမာ ဆောင်ရွက်ခြင်း စသည်တို့ ပါဝင်သည်။

**ဘက်ပြောင်းမှုနှင့် နိုင်ငံရေးအန်တုလှုပ်ရှားမှုဆိုင်ရာကွန်ရက်အဆိုပြုခြင်း**

အရေးကြီးသော တိုးတက်ဖြစ်ထွန်းမှုတစ်ခုအနေဖြင့် ဘက်ပြောင်းခြင်းနှင့် နိုင်ငံရေးအံတုခြင်း မဟာဗျူဟာကို ဆက်လက်အကောင်အထည်ဖော်နိုင်ရန် စနစ်တကျ တည်ဆောက်ထားသည့် ညှိနှိုင်းဆောင်ရွက်ရေး ယန္တရားတစ်ခု အရေးတကြီး လိုအပ်နေကြောင်းကို တက်ရောက်သူများက တစ်စုတစ်စည်းထဲ အသိအမှတ်ပြုလက်ခံခဲ့ကြသည်။ ထို့နောက် လူ့အခွင့်အရေး၊ အမျိုးသမီးပါဝင်မှုနှင့် တာဝန်ခံမှု ကဲ့သို့ အခြေခံမှုများ၏ လမ်းညွှန်မှုအောက်တွင်ရှိသော အဆိုပြုကွန်ရက်တစ်ခု ဖွဲ့စည်းခြင်းကို တညီတညွတ်တည်း ထောက်ခံခဲ့ကြသည်။

**အနာဂတ်အစီအစဉ်**

အနာဂတ် အစီအစဉ်အနေဖြင့် ဇွန်လ၊ ၂၀၂၄ ခုနှစ်တွင် ဖိုရမ်နောက်တစ်ကြိမ် မပြုလုပ်မီ ပူးပေါင်းပါဝင်သူများကို ပြန်လည်စုစည်းသွားမည်ဟု ဖြစ်မြောက်ရေး ကော်မတီက ကြေညာခဲ့သည်။ ထို့ပြင် ဤသို့ အခရာကျသော အလှည့်အပြောင်းကာလ တစ်ခုအတွက် ရန်ပုံငွေနှင့် နည်းပညာ အရင်းအမြစ်များ အရေးပေါ် လိုအပ်နေကြောင်းကိုလည်း အထူးထောက်ပြခဲ့ကြသည်။

ထပ်မံသိရှိလိုပါက သို့မဟုတ် အကူအညီပေးလိုပါက defectionforum.burma@protonmail.com ကို ဆက်သွယ် စုံစမ်းနိုင်ပါသည်။

**ပြည်သူ့ပန်းတိုင်** **Freedom Fighter Myanmar**